+ ၂၀၀၈
စက်တင်ဘာလ
၂၉ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

မောင်အောင်နိုင်ထွန်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ *

ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုမပြုခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှုမမြောက်ခြင်း။

**ဆုံးဖြတ်ချက်။** ။ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် မောင်အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင် တစ်လခန့်ပေါင်းသင်းပြီး နှစ်ဖက်မိဘအဆင်မပြေ၍ မသွဲ့သွဲ့ဝင်းသည် ၎င်း၏မိဘများနေအိမ်သို့ပြန်လည်နေထိုင်ကာ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းခြင်းမရှိတော့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ရာ မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၈။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၆ (ခ) တွင် ချမှတ်သော ၁၃-၆-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

ကန့်ဘလူမြို့နယ်တရားသူကြီးရှေ့မှောက်တွင် လက်ထပ်စာချုပ်ပြု လုပ် လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြောင်း၊ လူကြီးမိဘများရှေ့တွင် လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း ထင်ရှား ပေါ်ပေါက်သဖြင့် မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား လက်ထပ်ပေါင်းသင်းပါမည်ဟု လှည့်ဖြားပြောဆို၍ ကာမကိုလိမ်လည် ရယူခြင်းဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ နှင့် ငြိစွန်းကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုပြုခြင်း၊ မပြုခြင်းကိစ္စသည် လင် နှင့်မယားနှစ်ဦးအကြားတွင် ပေါ်ပေါက်သောကိစ္စရပ်သာဖြစ်၍ ပြစ်မှုမြောက်သောကိစ္စရပ် မဟုတ်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးတင်နု<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်သင်းသင်းမြ<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ဦးဇမာ<br>တရားရုံးချုပ်ရှေ့နေ |

ကန့်ဘလူမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၁၄/၂၀၀၆ တွင် တရားခံ အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ အောင်နိုင်ထွန်းကမကျေနပ်၍ စစ်ကိုင်းတိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၂/၂၀၀၆ ဖြင့် အယူခံ

တင်သွင်းရာ ပလပ်ခြင်းခံရသည်။ တရားခံ အောင်နိုင်ထွန်းက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၆ (ခ)/ ၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်သော်လည်း ပလပ်ခြင်းခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၂၇/ ၂၀၀၇ ဖြင့် လျှောက်ထားခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> " အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ လျှောက်ထားသူ အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်သည့် မူလမြို့နယ်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုသည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ မရှိ။"

အမှုမှာ ကန့်ဘလူမြို့နယ်၊ သပြေသာလေးကျေးရွာနေ မောင်အောင်နိုင်ထွန်းသည် တစ်ရွာတည်းနေ မသွဲ့သွဲ့ဝင်းအား အတည်တကျ လက်ထပ်ပေါင်းသင်းနေထိုင်ပါမည်ဟု ယုံကြည်အောင်ပြောကာ ကာမရယူပြီး လက်ထပ်ပေါင်းသင်းပြီးကာမှ အတူတကွ လင်မယားအဖြစ် ပေါင်းသင်းရန်ပျက်ကွက်သည့်အတွက် မောင်အောင်နိုင်ထွန်းအပေါ် အရေးယူပေးပါရန် မသွဲ့သွဲ့ဝင်းက ဦးတိုက်လျှောက်ထားသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ဤအမှုတွင် အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းနှင့် တရားရုံးတွင် ကျမ်းကျိန်လက်ထပ်ခဲ့ပြီး ကျေးရွာတွင် အခမ်းအနားဖြင့် မင်္ဂလာဆောင်၍ လက်ထပ်ခြင်းလည်းပြုခဲ့ကြောင်း၊ ထိုမင်္ဂလာပွဲ၌ ကျေးရွာစလေ့ကန်တော့ကြေးငွေ အနည်းအများတွင် အငြင်းပွားကြပြီး နှစ်ဖက်မိဘ မသင့်ဖြစ်ခဲ့ကြောင်း၊

အတူနေထိုင်ပေါင်းသင်းခဲ့ရာမှ တစ်လခန့်အကြာတွင် လင်မယားချင်း အဆင်မပြေသဖြင့် တရားလို မသွဲ့သွဲ့ဝင်းက နေအိမ်မှ မိဘအိမ်သို့ ဆင်းသွားပြီးနောက်ပိုင်း မပေါင်းသင်းတော့ကြောင်း ထင်ရှားပေါ် ပေါက်ကြောင်း၊ အောင်နိုင်ထွန်းက မသွဲ့သွဲ့ဝင်းအပေါ် မယားခေါ် လိုမှု လျှောက်ထားသကဲ့သို့ မသွဲ့သွဲ့ဝင်းကလည်း လင်မယားကွာရှင်း ပြတ်စဲလိုမှုနှင့် နစ်နာကြေးရလိုမှု စွဲဆိုခဲ့ကြောင်း၊ တရားဝင်လက်ထပ် ပြီးနောက် လင်မယားအဖြစ် ပေါင်းသင်းခြင်းမပြုဘဲနေခြင်းသည် မသွဲ့သွဲ့ဝင်းတွင် ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာစေသကဲ့သို့ အောင်နိုင်ထွန်းတွင်လည်း ကိုယ်စိတ်နှစ်ပါး ထိခိုက်နေသည်မှာ အငြင်းမပွားမြင်သာပါကြောင်း၊ လင်မယားအဖြစ် ဆက်လက် ပေါင်းသင်းမှုမပြုခြင်းသည် လင်မယားအကြား ပေါ်ပေါက်သောကိစ္စ သာလျှင်ဖြစ်ကြောင်း၊ ပြစ်မှုမြောက်သောကိစ္စဟု သတ်မှတ်ခြင်း၊ ဆုံးဖြတ်ခြင်း မပြုသင့်ကြောင်းနှင့် မူလကနဦးဘလူမြို့နယ်တရားရုံးက အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှု ထင်ရှားစီရင်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သော တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များသည် ဥပဒေနှင့်ညီညွတ်မှန်ကန် ခြင်းမရှိဖြေဆိုပြီး အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်သည့် မူလမြို့နယ် တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုသော တရားရုံးအဆင့်ဆင့်၏ အမိန့်ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ် ပေးရန် လျှောက်လဲသည်။

အယူခံတရားခံ မသွဲ့သွဲ့ဝင်း၏ရှေ့နေက ဤအမှုတွင် အဓိကပေါ်ပေါက်နေသည့်အချက်မှာ အောင်နိုင်ထွန်းက မသွဲ့သွဲ့ဝင်း အား ခိုးပြေးခဲ့စဉ်က မိမိတို့ရပ်ရွာဓလေ့အတိုင်း မိန်းကလေးမိဘများ ကို ပြောဆိုပြီး မိရာဖရာကန်တော့ လက်ထပ်ပွဲကျင်းပကာ ရိုးမြေကျ

ပေါင်းသင်းမည်ဖြစ်ကြောင်း၊ အကြိမ်ကြိမ်ကတိပြုခဲ့ကြောင်း၊ မိန်းကလေးက သဘောတူလက်ခံ၍ ခိုးပြေးခဲ့သည်ဟု သတ်မှတ်နိုင်ရန် အင်္ဂါထောင့်ကျေးရွာ (ရယက) ဥက္ကဋ္ဌထံတွင်လည်းကောင်း၊ ကန့်ဘလူမြို့နယ်တရားသူကြီး ရှေ့မှောက်တွင်လည်းကောင်း၊ လက်ထပ်စာချုပ်များ ချုပ်ဆိုခဲ့သော်လည်း ဝါဆိုလပြည့်နေ့တွင် လက်ထပ်ပွဲကျင်းပရာ၌ မိန်းကလေးမိဘများကို မိရာဖရာအနေဖြင့် ပင့်ဖိတ်ခဲ့ခြင်း၊ ကန်တော့ခဲ့ခြင်း မပြုခဲ့ကြောင်း၊ မိန်းကလေးဘက်မှ ငွေကျပ် (၃) သိန်းနှင့် ကန်တော့ပွဲ (၈) ပွဲတောင်းခံကြောင်း အကြောင်းပြသော်လည်း ယောကျ်ားလေးအိမ်၌ပင် မင်္ဂလာပွဲကျင်းပကာ မိန်းကလေးမိဘများကိုပင့်ဖိတ်ပြီး မိရာဖရာကန်တော့မှု မပြုခဲ့ခြင်းသည်ပင်လျှင် ခိုးပြေးခဲ့စဉ်ကတည်းက ထိုသို့ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်မရှိဘဲ မိန်းကလေးအား ပေါင်းသင်းခွင့်ရအောင် လှည့်ဖြား၍ အကြင်လင်မယားအဖြစ်သို့ရောက်ရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပြီး လိမ်လည်လှည့်ဖြား၍ လင်မယားအရာရောက်အောင် ပြုခဲ့ကြောင်း၊ လက်ထပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပေါင်းသင်းခဲ့ခြင်းဖြစ်ကြောင်း အတိအလင်း ပေါ်ပေါက်ကြောင်းနှင့် အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ကျခံစေရန် ချမှတ်ခဲ့သည့် မူလမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်သည် ဥပဒေအရ မှန်ကန်ကြောင်းဖြေဆို၍ ဤအထူးအယူခံကို ပလပ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် ကန့်ဘလူမြို့နယ်တရားသူကြီး၏ရှေ့မှောက်တွင် လက်ထပ်ခြင်း၊

၂၀၀၈
မောင်အောင်နိုင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင် လက်ထပ်ထိမ်းမြားမင်္ဂလာ အခမ်းအနားပြုလုပ်ခြင်းတို့ ပြုလုပ်ခဲ့သော်လည်း အောင်နိုင်ထွန်းနှင့် ခိုးရာလိုက်ခဲ့သည့် မသွဲ့သွဲ့ဝင်းကို ၎င်း၏မိဘများကျေနပ်အောင် ရပ်ရွာဓလေ့ထုံးတမ်းနှင့်အညီ တောင်းရမ်းလက်ထပ်ဆောင်ရွက် မပေးခဲ့ခြင်း၊ နှစ်ဖက်ညှိနှိုင်းမှုမရယူခြင်း၊ မသွဲ့သွဲ့ဝင်းအား ပေါင်းသင်း ဆက်ဆံမှုမပြုလုပ်ခြင်း၊ ထိမ်းမြားသည့်နေ့တွင် မသွဲ့သွဲ့ဝင်း၏မိဘ များက ရဲစခန်းသို့တိုင်ခဲ့၍ အောင်နိုင်ထွန်းကစိတ်ဆိုးပြီး အောင်နိုင်ထွန်းသည် ဦးလေးအိမ်တွင်သွားနေခြင်း၊ အောင်နိုင်ထွန်း ၏မိခင်က မသွဲ့သွဲ့ဝင်းအား အိမ်ပေါ်မှနှင်ချခြင်း၊ ပြန်လည် ဆက်သွယ်မှု ခေါ်ယူမှုမရှိခဲ့ခြင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် (ရယက) ဥက္ကဋ္ဌတို့က ညှိနှိုင်းသည်ကိုပင် လက်မခံခြင်းစသည့် ပေါ်ပေါက်ချက်များအရ အောင်နိုင်ထွန်း၏အပြုအမူသည် မသွဲ့သွဲ့ဝင်းအား အတည်တကျ ပေါင်းသင်းရန်ဆန္ဒမရှိကြောင်း ပေါ်လွင်ခြင်းကြောင့် လက်ထပ်ခဲ့ခြင်းတစ်ခုကိုသာ ကြည့်ရှုဆုံးဖြတ် ရန်မဟုတ်ဘဲ အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းထံမှ ကာမရယူစဉ် က လိမ်လည်လှည့်ဖြားရယူပြီးမှ အမှန်တကယ် ပေါင်းသင်းရန်ဆန္ဒ မရှိ၍သာ အမှန်တကယ် ပေါင်းသင်းခြင်းမပြုဘဲ ပစ်ပယ်ထားခဲ့ ကြောင်း၊ မသွဲ့သွဲ့ဝင်း၏ ကိုယ်စိတ်ဂုဏ်သရေထိခိုက်နစ်နာကြောင်း ပေါ်ပေါက်သောကြောင့် အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၁၇ အရ ပြစ်မှုထင်ရှားစီရင်သည့် မူလရုံးအမိန့်နှင့် ယင်းအမိန့် ကိုအတည်ပြုသည့် တရားရုံးအဆင့်ဆင့်၏အမိန့်တို့သည် ဥပဒေနှင့် ညီညွတ်ကြောင်းဖြေဆိုပြီး အထူးအယူခံအားပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွင် မသွဲ့သွဲ့ဝင်း (လိုပြ-၁) နှင့် မောင်အောင်နိုင်ထွန်း (ခံပြ-၁) တို့၏ ထွက်ချက်များအရ ၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း (၆)

ရက်နေ့ည ၁၂ နာရီခန့်က မောင်အောင်နိုင်ထွန်းခေါ်ရာသို့ မသွဲ့သွဲ့ဝင်းလိုက်ပါသွားပြီး ဝါဆိုလဆန်း (၉) ရက်နေ့တွင် ကန့်ဘလူမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် (သက်သေခံ-၁) လက်ထပ်စာချုပ်ပြုလုပ် လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြသည်မှာ အငြင်းမပွား ပေါ်ပေါက်နေသည်။ ဦးကျန် (လိုပြ-၂)၊ မသဲဝင်း (လိုပြ-၃)၊ နွဲ့နွဲ့အေး (လိုပြ-၄)၊ မမြင့် (လိုပြ-၅)၊ ဦးဝင်းမောင် (လိုပြ-၆) တို့၏ ထွက်ချက်များနှင့် (သက်သေခံ-၂ မှ ၉) ဓါတ်ပုံများအရ မောင်အောင်နိုင်ထွန်း၏မိဘများနေအိမ်တွင် မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့၏ လက်ထပ်ထိမ်းမြားမင်္ဂလာ အခမ်းအနားပြုလုပ်ကျင်းပခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။

မောင်အောင်နိုင်ထွန်း (ခံပြ-၁)၊ ဦးတင်ဝင်းလှိုင် (ခံပြ-၂)၊ ဒေါ်ပုတုမ (ခံပြ-၃)၊ ဒေါ်စီ (ခံပြ-၄)၊ ဒေါ်ကောက်တေး (ခံပြ-၅)၊ ဖိုးဖြူ (ခံပြ-၆)၊ ကိုတင်မင်း (ခံပြ-၇)၊ အောင်ဇော်ဝင်း (ခံပြ-၈)၊ မခင်ရှမ်း (ခံပြ-၉)၊ ဦးဘိုရှေး (ခံပြ-၁၀)၊ ဒေါ်ကြည်ကြည်မြင့် (ခံပြ-၁၁)၊ ဒေါ်ကြည်ညွန့် (ခံပြ-၁၂)၊ ကိုစိုးမြင့် (ခံပြ-၁၃)၊ ဦးအောင်မြင့် (ခံပြ-၁၄) နှင့် ဦးဘိုလေး (ခံပြ-၁၅) တို့၏ထွက်ချက်အရ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့၏မင်္ဂလာကိစ္စအတွက် မသွဲ့သွဲ့ဝင်း၏မိဘများထံ စကားကမ်းလှမ်းခဲ့ရာ မိန်းကလေးဘက်မှ ငွေကျပ် (၃) သိန်းတင်စေလိုသော်လည်း ယောကျ်ားလေးဘက်မှ ငွေကျပ် (၅) သောင်းသာတင်နိုင်သဖြင့် အဆင်မပြေခဲ့ကြောင်း၊ မင်္ဂလာပွဲတွင် မိန်းကလေးဘက်မှ မင်္ဂလာပွဲသို့ မလာရောက်ခဲ့ကြောင်း၊ ယောကျ်ားလေး၏နေအိမ်တွင် မင်္ဂလာပွဲပြုလုပ်သည့်နေ့၌ မိန်းကလေး မိဘများမှ ရဲစခန်းသို့တိုင်ခဲ့၍ ယောကျ်ားလေးဘက်မှ မကျေမနပ် ဖြစ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ပါသည်။ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် မောင်အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင်

တစ်လခန့်ပေါင်းသင်းပြီး နှစ်ဖက်မိဘအဆင်မပြေ၍ မသွဲ့သွဲ့ဝင်းသည် ၎င်း၏မိဘများနေအိမ်သို့ ပြန်လည်နေထိုင်ကာ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းခြင်းမရှိတော့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ရာ မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား ကန့်ဘလူမြို့နယ်တရားသူကြီးရှေ့မှောက်တွင် လက်ထပ်စာချုပ်ပြုလုပ်လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြောင်း၊ လူကြီးမိဘများရှေ့တွင် လက်ထပ်မင်္ဂလာ အခမ်းအနားကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထင်ရှားပေါ်ပေါက်သဖြင့် မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား လက်ထပ်ပေါင်းသင်းပါမည်ဟု လှည့်ဖြားပြောဆို၍ ကာမကို လိမ်လည်ရယူခြင်းဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ နှင့် ငြိစွန်းကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုပြုခြင်း၊ မပြုခြင်းကိစ္စသည် လင်နှင့်မယားနှစ်ဦးအကြားတွင် ပေါ်ပေါက်သောကိစ္စရပ်သာဖြစ်၍ ပြစ်မှုမြောက်သောကိစ္စရပ်မဟုတ်ပေ။

ဤအခြေအနေတွင် မောင်အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လချမှတ်သည့် ကန့်ဘလူမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်တို့၏အံမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုသည်။ မောင်အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ထောင်ဒဏ် (၆) လချမှတ်ခဲ့သည့် ကန့်ဘလူမြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်များအား ပယ်ဖျက်လိုက်ပြီး မောင်အောင်နိုင်ထွန်းအား အမှုမှအပြီးအပြတ် လွှတ်လိုက်သည်။